# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## ညွှန်ကြားချက်အမှတ်( ၄ /၂၀၁၃)
## (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)
## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂၅ (ဏ)နှင့် ၉၁(ခ) တို့အရ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**လိုက်နာဆောင်ရွက်ရမည့်သူများ**

၁။ မြန်မာနိုင်ငံအတွင်း ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဤညွှန်ကြားချက်ကို လိုက်နာရမည်။

**မိုဘိုင်းဘဏ်လုပ်ငန်းဖြင့် ဆောင်ရွက်နိုင်သည့် ငွေရေးကြေးရေးဝန်ဆောင်မှုများ**

၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် အောက်ပါ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်နိုင်သည်-

(က) ပြည်တွင်းငွေလွှဲပို့မှုနှင့်ပြည်ပမှ ငွေလွှဲပို့မှုများ၊

(ခ) ကိုယ်စားလှယ်များ၊ ဘဏ်ခွဲများ၊ အေတီအမ်စက်များ၊ မိုဘိုင်းအော်ပရေတာ၏ လုပ်ငန်းခွဲများမှတစ်ဆင့် ကျပ်ငွေဖြင့် ငွေသားအသွင်း၊ အထုတ်ပြုလုပ်မှုများ၊

(ဂ) လူပုဂ္ဂိုလ်မှ စီးပွားရေးလုပ်ငန်းသို့ ငွေပေးချေမှုများ (ဥပမာ- ငွေတောင်းခံလွှာ အတွက် ပေးချေမှု၊ ကုန်စည်နှင့်ဝန်ဆောင်မှုအတွက် ငွေပေးချေမှုများ)၊

(ဃ) စီးပွားရေးလုပ်ငန်းမှ လူပုဂ္ဂိုလ်သို့ ငွေပေးချေမှုများ (ဥပမာ-လစာငွေပေးခြင်း၊ အမြတ်ငွေပေးခြင်းနှင့် အာမခံငွေများပြန်လည်ပေးခြင်း)၊

(င) အစိုးရမှ လူပုဂ္ဂိုလ်သို့ငွေပေးချေမှုများ (ဥပမာ- လုပ်ခနှင့်လစာများ၊ ပင်စင်ငွေများ၊ အခြားထောက်ပံ့ငွေများ)၊

(စ) လူပုဂ္ဂိုလ်မှ အစိုးရသို့ ငွေပေးချေမှုများ (ဥပမာ- အခွန်၊အခ)၊

(ဆ) လူပုဂ္ဂိုလ်အချင်းချင်း ငွေပေးချေမှုများ (မိုဘိုင်းဘဏ်စာရင်းအချင်းချင်း ပေးချေမှု နှင့် လွှဲပြောင်းမှု)၊

(ဇ) အသေးစားချေးငွေ၊ စာရင်းပိုထုတ်ချေးငွေ၊ အာမခံပရီမီယံငွေကဲ့သို့သော အခြားသော အသေးစားငွေပေးချေမှုများ။

**ဘဏ်ဦးဆောင်မှုပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း**

၃။ မိုဘိုင်းဘဏ်လုပ်ငန်းကို ဘဏ်ဦးဆောင်မှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ ဘဏ်ဦးဆောင်မှုပုံစံသည် မိုဘိုင်းကွန်ရက်အော်ပရေတာများ (Mobile Network Operators-MNOs) သို့မဟုတ် မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးသူများ (Solution Providers) က ပံ့ပိုးပေးသည့် မိုဘိုင်းဝန်ဆောင်မှုကိုအသုံးပြု၍ ဘဏ်များကခန့်အပ်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့် အများပြည်သူသို့ မိုဘိုင်းကွန်ရက်အသုံးပြု၍ ငွေရေးကြေးရေးဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

**လိုက်နာရန် စည်းမျဉ်းစည်းကမ်းများ**

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိမှသာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ရှိသည်။

၅။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ နည်းပညာဝန်ဆောင်မှုပေးသူများ (Technical Service Provider) နှင့် မိုဘိုင်းဝန်ဆောင်မှုပေးမည့် မိုဘိုင်းကွန်ရက် အော်ပရေတာများ (Mobile Network Operators-MNOs) သည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ထောက်ခံသဘောတူသည့် အဖွဲ့အစည်းဖြစ်ရမည်။

၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည်-

(က) မိုဘိုင်းဘဏ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အသေးစိတ်နှင့် ဝန်ဆောင်မှုပေးမည့် အမျိုးအစားများအား ပြည့်စုံစွာဖော်ပြထားသည့် လုပ်ငန်းစီမံချက်ကို ပြုစုတင်ပြ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုချက်ရယူရမည်၊

(ခ) မိုဘိုင်းဘဏ်လုပ်ငန်းအား စတင်မဆောင်ရွက်မီ မိမိတို့နှင့် ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ (Partners) အကြား ဝန်ဆောင်မှုအဆင့်ဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆို၍ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်၊

(ဂ) မိုဘိုင်းဘဏ်လုပ်ငန်းအရ ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ(Agents)၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ (Partners)ကို ရွေးချယ်ထားရှိရန်နှင့် ယင်းတို့၏အမည်နှင့်လိပ်စာများအား စာရင်းပြုစု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကြီးကြပ်စစ်ဆေးရေးဌာနသို့ လစဉ်တင်ပြရမည်။

၇။ မည်သည့်အချိန်ကာလတွင်ဖြစ်စေ မိုဘိုင်းဘဏ်စာရင်းရှိ လက်ကျန်နှင့် ဘဏ်စာရင်း စာအုပ်ရှိ လက်ကျန်များသည် ကိုက်ညီရမည်။ ဘဏ်များသည် မိုဘိုင်းဘဏ်လုပ်ငန်း ဖောက်သည် များ၏ စာရင်းများအားလုံးအား လုံခြုံစွာထိန်းသိမ်းထားရမည်။

၈။ နိုင်ငံခြားငွေလွှဲအဝင်အတွက် အကျိုးခံစားခွင့်ရှိသူကို ငွေထုတ်ပေးရာတွင် ငွေသွင်းငွေထုတ် ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ (Partners)သည် ပြည်တွင်းသုံးငွေကြေးဖြစ်သော ကျပ်ငွေဖြင့်သာ ထုတ်ပေးရမည်။

၉။ နိုင်ငံတော်နှင့်ပြည်သူလူထု၏အကျိုးစီးပွားကို ထိခိုက်စေသည်ဟုယူဆပါက မြန်မာ နိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသို့ ခွင့်ပြုထားသော မိုဘိုင်း ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်အား ဆိုင်းငံ့ခြင်း၊ ယာယီရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

**အကျိုးတူပူးပေါင်းဆောင်ရွက်သူများ၊ ကိုယ်စားလှယ်များရွေးချယ်ခြင်း**

၁၀။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိမိတို့ခန့်အပ်ထားသည့် ကိုယ်စားလှယ် များ၏ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို စောင့်ကြပ်ကြည့်ရှုကွပ်ကဲရန်တာဝန်ရှိသည်။ ကိုယ်စားလှယ် ရွေးချယ်ခန့်အပ်ရေးဆိုင်ရာ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများသည် ရှင်းလင်းပြီး အချက်အလက်ပြည့်စုံမှု ရှိရမည်။ မိမိတို့ရွေးချယ်သည့် ကိုယ်စားလှယ်နှင့်လက်မှတ်ရေးထိုးသည့် သဘောတူညီချက်တွင် ငွေသွင်း ငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ (Partners)၏ လုပ်ငန်းဆောင်ရွက်မှုပေးသည့် အချိန်၊ လုပ်ငန်းဆောင်ရွက်ပေးမှု စံသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် ဝန်ဆောင်ခ၊ ဖောက်သည်အတွက်ဝန်ဆောင်မှုနှင့် အငြင်းပွားမှု ဖြေရှင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါရှိရမည်။ နိုင်ငံအဝှမ်းကွန်ရက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non Government Organizations-NGOs)၊ မိုဘိုင်းကွန်ရက်အော်ပရေတာ များ (Mobile Network Operators-MNOs)သို့မဟုတ် အစိုးရစာတိုက်ဌာနများသည် ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ (Partners) အဖြစ် ဆောင်ရွက်နိုင်သည်။ ဘဏ်များသည် အဆိုပါ ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူပူးပေါင်း ဆောင်ရွက်သူများ (Partners)၏ စာရင်းကို ထုတ်ပြန်ရမည်။ မိမိတို့၏ဝက်ဘ်ဆိုက်တွင်လည်း တင်ထားရမည်။

၁၁။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သူများ၊ ကိုယ်စားလှယ်များရွေးချယ်ရာတွင် အောက်ပါအချက်များအပေါ် အခြေခံဆောင်ရွက်ရမည်-

(က) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊

(ခ) ငွေရေးကြေးရေးတောင့်တင်းခိုင်မာခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ နာမည်ကောင်းရှိခြင်း၊

(ဃ) ငွေကြေးလုံခြုံမှုအစီအမံ၊ စာရင်းစစ်ဆေးခြင်း၊ သတင်းပို့ခြင်းနှင့် ကြီးကြပ်ခြင်း စသည့်အစီအမံများ ပြည့်စုံလုံလောက်စွာထားရှိခြင်း။

## မိုဘိုင်းငွေစာရင်းများဖွင့်လှစ်ခြင်း

၁၂။ ဘဏ်များသည် ဖောက်သည်အတွက် မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးရန် မိုဘိုင်းဘဏ်စာရင်း ဖွင့်လှစ်ပေးသည့်အခါ ဖောက်သည်အား ကောင်းစွာသိရှိခြင်း (Know Your Customer-KYC) အတွက် လိုအပ်သောအချက်အလက်များအားလုံး ရယူရမည်။

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လူပုဂ္ဂိုလ်အချင်းချင်း လွှဲပြောင်းငွေပေးချေမှုများနှင့် စပ်လျဉ်း၍ ဖောက်သည်တစ်ဦးချင်းအတွက် အောက်ပါအတိုင်းဆောင်ရွက်ရန် ကန့်သတ်ချက်ထားရှိမည်-

(က) တစ်ကြိမ်လျှင် အများဆုံး လွှဲပြောင်းပေးချေနိုင်သည့်ပမာဏအား ကျပ် ငါးသိန်း၊

(ခ) တစ်ရက်အတွင်း လွှဲပြောင်းပေးချေမှု အကြိမ်အရေအတွက်အား အများဆုံး သုံးကြိမ်နှင့် အများဆုံးလွှဲပြောင်းပေးချေနိုင်သည့် ပမာဏအား ကျပ်သိန်း တစ်ဆယ်။

## ဝန်ဆောင်ခနှင့်အတိုး

၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုအတွက် ဝန်ဆောင်ခများ သတ်မှတ်နိုင်သည်။

၁၅။ ဖောက်သည်၏ မိုဘိုင်းဘဏ်စာရင်းသည် စုဆောင်းမှုအပ်ငွေစာရင်းဖြစ်ပါက ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ အတိုးပေးရမည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Combating the Financing Terrorism-AML/CFT) ဆိုင်ရာ လိုက်နာဆောင်ရွက်ခြင်း**

၁၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering and Combating the Financing Terrorism-AML/CFT) ဆိုင်ရာစည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာရမည်။

၁၇။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နောက်ဆက်တွဲ(က)ပါ ဖောက်သည်အား ကောင်းစွာသိရှိခြင်း (Know Your Customer-KYC)ပုံစံများကို အသုံးပြု၍ ဖောက်သည်၏ သတင်းအချက်အလက်အပြည့်အစုံအားရေးသွင်းထားရမည်။ ဖောက်သည်များ၏ဖောက်သည်အား ကောင်းစွာသိရှိခြင်း (Know Your Customer-KYC) အချက်အလက်များ မှန်ကန်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

၁၈။ ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ (Partners)တို့သည် မိမိတို့၏ဖောက်သည်ကို ကောင်းစွာသိရှိခြင်း (Know Your Customer-KYC) ပုံစံအရ အချက်အလက်များ ဖြည့်သွင်းထားရမည်။

၁၉။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု မစတင်မီ သံသယဖြစ်ဖွယ်လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်ကို သတ်မှတ်ဖော်ထုတ်နိုင်မည့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (Information Technology-IT) အခြေခံသော နည်းစနစ်များကို တည်ဆောက်ထားရမည်။

၂၀။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချခြင်း သို့မဟုတ် အကြမ်းဖက် ငွေကြေး ထောက်ပံ့ခြင်း လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ်ရှိသော သို့မဟုတ် သာမန်ထက်ထူးခြားသော ဆောင်ရွက်ချက်များကို ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့သို့ ဆောလျင်စွာသတင်းပို့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ မိတ္တူပေးပို့ရမည်။ ယင်းသတင်းပို့ချက် များကို ဆက်လက်စုံစမ်းစစ်ဆေးမှုပြုရာတွင် အထောက်အကူပြုနိုင်ရန် မိမိထံတွင်လည်း မှတ်တမ်းထိန်းသိမ်းထားရမည်။

**ဆုံးရှုံးနိုင်ခြေအတွက် အကာအကွယ်များ**

၂၁။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လိမ်လည်မှုဆုံးရှုံးနိုင်ခြေများအပါအဝင် ဆုံးရှုံး နိုင်ခြေများအားလုံးအတွက် လုံလောက်သောအကာအကွယ်များ ပြုလုပ်ထားရန် တာဝန်ရှိသည်။ မိုဘိုင်း နည်းပညာဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ကာကွယ်သည့်အစီအစဉ်များ လုံလောက်စွာထားရှိရမည်။

၂၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယင်းတို့၏ လက်အောက်ခံရုံးခွဲများ၊ ငွေသွင်း ငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ (Partners)၏ မလျော်ကန်သော ဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာသည့် ဖောက်သည်၏ဆုံးရှုံးမှုများကို တာဝန်ယူရမည်။

**မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု မှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း**

၂၃။ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုမှတ်တမ်းများအား ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ ဖောက်သည်များနှင့် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှ အနည်းဆုံးငါးနှစ်အထိ ထိန်းသိမ်းထားရှိရမည်။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိုဘိုင်းဘဏ်လုပ်ငန်းဆက်သွယ်ဆောင်ရွက်သည့်ဖောက်သည်များက ၎င်းတို့၏အချက်အလက်မှတ်တမ်းများ တောင်းခံလာပါက ထုတ်ပေးရမည်။

**ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း**

၂၄။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိုဘိုင်းဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ထို့အပြင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက် များနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စစ်ဆေးခြင်းကိုခံယူရန် မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု များနှင့် ပတ်သက်သည့် အချက်အလက်များကို ပူးတွဲပါ နောက်ဆက်တွဲဇယား(ခ)မှ(င)တွင် ပါသည့်ပုံစံများဖြင့် မှတ်တမ်းပြုထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါ အားလျော်စွာ တောင်းခံပါက ဆောလျင်စွာပေးပို့ရမည်။

**လုံခြုံမှုအစီအစဉ်များ**

၂၆။ (က) မိုဘိုင်းနည်းပညာအသုံးပြု၍ ငွေရေးကြေးရေးဝန်ဆောင်မှုများပေးနိုင်ရန် လုံခြုံစိတ်ချရသော သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံ တစ်ရပ်ရှိရမည်၊ (A secured infrastructure for financial transactions using mobile technology)

(ခ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အဆင်ပြေစွာနှင့် လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ရန် မိုဘိုင်းငွေစာရင်းပိုင်ရှင်အား ကိုယ်ပိုင်လျှို့ဝှက်နံပါတ် (PIN) ထုတ်ပေးရမည်။ လုပ်ငန်းဆောင်ရွက်ချက် အားလုံးအတွက် စာရင်းပိုင်ရှင်များက ယင်းတို့၏ကိုယ်ပိုင်လျှို့ဝှက်နံပါတ် PIN အသုံးပြု၍ဆောင်ရွက်ခြင်း သို့မဟုတ် အလားတူလုံခြုံစိတ်ချရသည့် အခြားသော အစီအစဉ်ဖြင့်ဆောင်ရွက်ရမည်၊

(ဂ) ဖောက်သည်သို့ ထုတ်ပေးထားသော PIN နံပါတ် ပျောက်ဆုံးခြင်း သို့မဟုတ် အခြားသူ တစ်ဦးဦးက တစ်နည်းနည်းဖြင့် သိရှိ၍အသုံးပြုခြင်းကို တိုင်ကြားအသိပေးလာပါက PIN နံပါတ်ဟောင်းဖြင့် ဖောက်သည်၏ ငွေစာရင်းအသုံးပြုခြင်းကို ချက်ချင်းရပ်စဲခြင်းနှင့် PIN နံပါတ်အသစ်ထုတ်ပေးခြင်း စသည့်အစီအစဉ်များထားရှိရမည်၊

(ဃ) လိုအပ်ပါက ထပ်ဆင့်လုံခြုံမှုအတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဒုတိယအဆင့် စိစစ်အတည်ပြုခြင်း (Second factor of authentication) အစီအစဉ်ကိုလည်း ထည့်သွင်းတည်ဆောက်နိုင်သည်။

**ဆက်သွယ်ဆောင်ရွက်ခြင်း**

၂၇။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသုံးပြုသူများ အဆင်ပြေစေရန်အတွက် မိမိတို့ မိုဘိုင်းဘဏ်လုပ်ငန်းကို အခြားသောဘဏ်များ၏ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

၂၈။ ဖောက်သည်၏ဘဏ်စာရင်းရှိပါက မိုဘိုင်းဘဏ်စာရင်းအား ယင်းဘဏ်စာရင်းနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သည်။

## ဖောက်သည်နှင့်ဝန်ထမ်းများအား အသိပညာပေးရေးအစီအစဉ်

၂၉။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ယင်းတို့၏ဖောက်သည်နှင့်ဝန်ထမ်းများအား အသိပညာမြှင့်တင်ရေးနှင့် ပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်ရမည်။

## ဖောက်သည်အား အကာအကွယ်ပေးရေးအစီအစဉ်

၃၀။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဖောက်သည်၏အခွင့်အရေးများ ကာကွယ်ခြင်းနှင့် အငြင်းပွားမှုပြဿနာဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိသည်။ ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ကိုယ်စားလှယ်များ (Agents)၊ အကျိုးတူပူးပေါင်း ဆောင်ရွက်သူများ (Partners)၏အကူအညီဖြင့် အငြင်းပွားမှုဖြေရှင်းသည့်အစီအစဉ်နှင့် လျော်ကြေးပေးရေးအစီအစဉ်အပါအဝင် ဖောက်သည်အား အကာအကွယ်ပေးရေးအစီအစဉ်များ ထားရှိရမည်။

၃၁။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ဝက်ဘ်ဆိုက်များနှင့် ပုံနှိပ်ထုတ်ဝေသည့် စာရွက်စာတမ်းများတွင် ဖောက်သည်၏ဆုံးရှုံးနိုင်ခြေများ၊ တာဝန်ယူမှုများနှင့် ပေးရန်တာဝန်များကို အသိပေးဖော်ပြရမည်။

၃၂။ ငွေသွင်းငွေထုတ်ပေးသူများ (Cash points)၊ ကိုယ်စားလှယ်များ (Agents) နှင့် ဘဏ်အကြားတွင်လည်းကောင်း၊ မိုဘိုင်းဘဏ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ဘဏ်များနှင့် မိုဘိုင်းဖုန်း ဝန်ဆောင်မှု ပေးနေသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ပေးသူများ (Partners) အကြားတွင်လည်းကောင်း ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ် များတွင် ယင်းအဖွဲ့အစည်းတစ်ခုစီ၏ အခွင့်အရေး၊ လုပ်ပိုင်ခွင့်များနှင့် တာဝန်ခံမှုများအား ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားရမည်။

၃၃။ ဘဏ်၏အရေးယူဆောင်ရွက်မှုကို ဖောက်သည်အနေဖြင့် ကျေနပ်မှုမရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ မကျေနပ်မှုအားတိုင်ကြား၍ ဖြေရှင်းပေးရန် တောင်းဆိုနိုင်သည်။ ဤကိစ္စရပ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

**အထွေထွေ**

၃၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာ ဝန်ကြီးဌာနတို့သည် လုံခြုံမှုအစီအမံများ (Safeguard Measures) ညှိနှိုင်းချမှတ်ပြီးနောက် မိုဘိုင်းကွန်ရက်အော်ပရေတာများ (Mobile Network Operators-MNOs)အား မိုဘိုင်းငွေပေးချေမှုလုပ်ငန်း (Mobile Payment) ဆောင်ရွက်ခွင့်ကို စိစစ်ဆောင်ရွက်ခွင့် ပြုနိုင်သည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဖြန့်ဝေခြင်း

နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များအားလုံး
ငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

နောက်ဆက်တွဲ- (က)

## ဖောက်သည်၏အချက်အလက်များ မှတ်တမ်းတင်ရေးသွင်းရန်ပုံစံ
## (KYC Form)

၁။ ဖောက်သည်၏အမည် --------------------------------------------

၂။ ဖခင်၏အမည် --------------------------------------------

၃။ မိခင်၏အမည်

၄။ မွေးနေ့သက္ကရာဇ်

၅။ အလုပ်အကိုင်

၆။ ဆက်သွယ်ရန် တရားဝင်နေရပ်လိပ်စာ

၇။ လက်ရှိနေရပ်လိပ်စာ

၈။ အမြဲတမ်းနေရပ်လိပ်စာ

၉။ မိုဘိုင်းဖုန်းအမှတ်

၁၀။ လုပ်ငန်းဆောင်ရွက်ချက်ပါရည်ရွယ်ချက်

၁၁။ ဘဏ်ငွေစာရင်း အချက်အလက်များ

(က) ဘဏ်အမည်

(ခ) ဘဏ်ခွဲအမည်

(ဂ) ဘဏ်ငွေစာရင်းအမှတ်

၁၂။ မိတ်ဆက်ထောက်ခံသူ၏ အချက်အလက်များ

(က) အမည်

(ခ) နေရပ်လိပ်စာ

(ဂ) အလုပ်အကိုင်

(ဃ) မိုဘိုင်းဖုန်းအမှတ်

၁၃။ ပူးတွဲစာရွက်စာတမ်းများ

(က) နိုင်ငံသားမှတ်ပုံတင်ကတ်/ ပတ်စပို့မိတ္တူ

(ခ) နိုင်ငံသားဖြစ်သူ အထောက်အထားမိတ္တူ

(ဂ) ယာဉ်မောင်းလိုင်စင်/ ဝန်ထမ်းကတ်မိတ္တူ

**နောက်ဆက်တွဲ- (ခ)**

## မိုဘိုင်းဖုန်းဖြင့် ငွေလွှဲများအတွက် လစဉ်အစီရင်ခံစာ

## (----------------------------------လ၊ -------------------ခုနှစ်)

ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းအမည်

| စဉ် | ငွေလွှဲပို့သူ | လွှဲပို့ငွေပမာဏ | ငွေလက်ခံရရှိသူအမည် | ထုတ်ယူငွေပမာဏ |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ၅။ | | | | |

နောက်ဆက်တွဲ- (ဂ)

## လူပုဂ္ဂိုလ်များမှ စီးပွားရေးလုပ်ငန်းများသို့ မိုဘိုင်းဖုန်းငွေရေးကြေးရေး ဝန်ဆောင်မှုဖြင့် ပေးချေမှုများ လစဉ်အစီရင်ခံစာ

**(-----------------------------------လ၊ -------------------ခုနှစ်)**

ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းအမည်

| စဉ် | ငွေပေးသူအမည် | စီးပွားရေးလုပ်ငန်း၏ မိုဘိုင်းငွေစာရင်းအမှတ် | စီးပွားရေးလုပ်ငန်းအမည် | လွှဲပြောင်းပေးငွေ ပမာဏ |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ၅။ | | | | |

**နောက်ဆက်တွဲ- (ဃ)**

**စီးပွားရေးလုပ်ငန်းမှ လူပုဂ္ဂိုလ်များသို့**
**မိုဘိုင်းဖုန်းငွေရေးကြေးရေးဝန်ဆောင်မှုဖြင့် ပေးချေမှုများ**

**(--------------------------------------လ၊ --------------------ခုနှစ်)**

ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းအမည်

| စဉ် | စီးပွားရေးလုပ်ငန်းအမည် | ငွေလက်ခံရရှိသူအမည် | ထုတ်ယူငွေပမာဏ |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |
| ၄။ | | | |
| ၅။ | | | |

နောက်ဆက်တွဲ- (င)

# လူပုဂ္ဂိုလ် တစ်ဦးမှတစ်ဦးသို့ မိုဘိုင်းဖုန်းငွေရေးကြေးရေး ဝန်ဆောင်မှုဖြင့် ပေးချေမှုများ လစဉ်အစီရင်ခံစာ

(------------------------------------လ၊ -------------------ခုနှစ်)

ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းအမည်

| စဉ် | ငွေပို့သူ၏ မိုဘိုင်းငွေစာရင်းအမှတ် | ငွေပို့သူအမည် | ငွေပို့သူ၏ ဝင်ငွေရရှိမှု ဇစ်မြစ် | ငွေလက်ခံသူနှင့် တော်စပ်ပုံ | ငွေလက်ခံသူ၏ မိုဘိုင်းငွေစာရင်းအမှတ် | ငွေပေးပို့ရခြင်း၏ အကြောင်းရင်း | ပေးပို့သည့် ငွေပမာဏ |
|---|---|---|---|---|---|---|---|
| ၁။ | | | | | | | |
| ၂။ | | | | | | | |
| ၃။ | | | | | | | |
| ၄။ | | | | | | | |
| ၅။ | | | | | | | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ မိုဘိုင်းဘဏ်လုပ်ငန်းလုပ်ကိုင်ရန်အတွက်
## တင်ပြရမည့်လျှောက်လွှာ

၁။ လျှောက်ထားသည့်ဘဏ်/ငွေရေးကြေးရေး အဖွဲ့အစည်း၏အမည်/လိပ်စာအပြည့်အစုံ

၂။ မိုဘိုင်းဘဏ်လုပ်ငန်းအား တာဝန်ခံဆောင်ရွက်သူပုဂ္ဂိုလ်၏အမည်/ရာထူး/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ ဆက်သွယ်ရန်လိပ်စာ/ ဖုန်းနှင့် ဖက်စ်အမှတ်များ

၃။ မိုဘိုင်းဘဏ်လုပ်ငန်းဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသည့် ငွေရေးကြေးရေးဝန်ဆောင်မှုများအား အသေးစိတ်ဖော်ပြရန်။
(မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားချက် အမှတ် (၄/၂၀၁၃)၏ အပိုဒ်(၂)အား ကိုးကားရန်) နှင့် လိုအပ်ပါက သီးခြားစာရွက်ဖြင့် ဖော်ပြရန်)

၄။ လုပ်ငန်းဆောင်ရွက်မည့်နေရာ(တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ကျေးရွာ အုပ်စု) တို့ကို လုပ်ငန်းအရေအတွက် ယှဉ်တွဲဖော်ပြလျက် အသေးစိတ်ဖော်ပြရန်။

၅။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ နည်းပညာဝန်ဆောင်မှုပေးသူ (Technical Service Provider) နှင့် အသုံးပြုမည့် မိုဘိုင်းကွန်ရက်အော်ပရေတာ (Mobile Network Operators-MNOs)အမည်ဖော်ပြရန်။
(ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ထောက်ခံသဘောတူ

သည့် ထောက်ခံချက်စာပူးတွဲ တင်ပြရန်) ------------------------------------------

၆။ မိုဘိုင်းဘဏ်လုပ်ငန်းအတွက် အကျိုးတူပူးပေါင်း ------------------------------------------
ဆောင်ရွက်မည့် ငွေသွင်းငွေထုတ်ပေးသူများ ------------------------------------------
(Cash points)နှင့် ကိုယ်စားလှယ်များ ------------------------------------------
(Agents)တို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ် ------------------------------------------
အမှတ်/ နေရပ်လိပ်စာနှင့် လက်ရှိအလုပ်အကိုင် ------------------------------------------
တို့ကို နယ်မြေဒေသအလိုက် စာရင်းပြုစု၍ ------------------------------------------
ပြည့်စုံစွာ ဖော်ပြရန် (ဘဏ်နှင့်ငွေရေးကြေးရေး ------------------------------------------
အဖွဲ့အစည်းများနှင့် ၎င်းတို့နှင့် အကျိုးတူ ------------------------------------------
ပူးပေါင်းဆောင်ရွက်သူများဖြစ်သော ငွေသွင်း ------------------------------------------
ငွေထုတ်ပေးသူများ (Cash points)/ ကိုယ်စားလှယ်များ (Agents) တို့အကြား ချုပ်ဆိုသည့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းသဘောတူညီချက်စာချုပ် (Contract Agreement) အား ပူးတွဲတင်ပြရန်)။